# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

July 21 , 2022 Volume 56, Number 13


| ၂၁.၇.၂၀၂၂ | |
| --- | --- |
| ကမ္ဘာ့ရွှေစျေး | = ၁၆၉၃ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၂၃၉၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၈၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၀၇.၂ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၂၆၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၀.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၀၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပစျေးကွက်သို့ အရည်အသွေးကောင်း စိန်တလုံးနှင့်ရွှေဟင်္သာ အိတ်စွပ်သရက်သီးများ တင်ပို့ရောင်းချနေ

မြန်မာ့သရက်သီးများကို နိုင်ငံတကာစျေးကွက်သို့ တင်ပို့လျက်ရှိရာ ယခုနှစ်တွင် ပြည်ပစျေးကွက်သို့ အရည်အသွေးကောင်း စိန်တလုံးသရက်နှင့်ရွှေဟင်္သာအိတ်စွပ် သရက်သီးများကို တင်ပို့ရောင်းချနေကြောင်း မြန်မာ့သရက်စျေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောပြသည်။

အဆိုပါ စိန်တလုံးသရက်နှင့် ရွှေဟင်္သာသရက်သီးများကို သရက်ခြံတောင်သူများက မေလပထမပတ်မှစ၍ လက်ရှိအချိန်ထိ ပြည်ပစျေးကွက်သို့ တစ်နိုင်တစ်ပိုင်အနေဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တင်ပို့ရောင်းချရာတွင် ရေလမ်းကြောင်း၊ လေကြောင်းလိုင်းဖြင့် တင်ပို့ရောင်းချရာ တစ်တန်လျှင် ငွေကျပ် ၁၃ သိန်းမှ ၁၄ သိန်းစျေးတို့ဖြင့် အရောင်းအဝယ်ကောင်းနေကြကြောင်း၊ စိန်တလုံးနှင့် ရွှေဟင်္သာသရက်သီးများသည် နိုင်ငံတကာ စားသုံးမှုစျေးကွက်တွင်လည်း နေရာတစ်ခုရရှိနေကြောင်းသိရသည်။ အခုအချိန်ထိ ပြည်ပစျေးကွက်ကို စိန်တလုံးနဲ့ရွှေဟင်္သာအိတ်စွပ်သရက်သီးတွေ တင်ပို့နေပါတယ်။ အရည်အသွေးကောင်းတဲ့ အသီးတွေကိုပို့နေတာပါ။ စျေးကွက်ကတော့ ကောင်းပါတယ်။ လေကြောင်း၊ ရေကြောင်း လမ်းကြောင်းနှစ်ခုစလုံးကနေပို့ပါတယ်။ အရင်နှစ်တွေကလဲ တင်ပို့မှုတွေမှာ အဆင်ပြေလို့ အလားအလာကောင်းတွေရှိခဲ့ပါတယ်။ ဒါကြောင့် တစ်နိုင်တစ်ပိုင်အနေနဲ့ တင်ပို့နေကြတာပါ။ ဆက်လက်ပြီး တင်ပို့ရောင်းချသွားဖို့လဲ စီစဉ်နေကြပါတယ်။ ဒီနှစ်ကရာသီဥတုကြောင့် အသီးအထွက်နှုန်းနည်းပေမဲ့ စျေးကောင်းတော့ရရှိကြပါတယ်ဟု ဦးကျော်စိုးနိုင်ကပြောပြသည်။

မြန်မာတစ်နိုင်ငံလုံးတွင် သရက်စိုက်ဧက ၂၆၀၀၀၀ ကျော်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် သရက်စိုက်ဧက ၃၅၀၀၀ ရှိကြောင်း၊ အဆိုပါသရက်သီးများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တို့မှ အများဆုံးထွက်ရှိကြောင်း၊ ပြည်ပစျေးကွက်သို့ တင်ပို့ရာတွင် အအေးခန်းများဖြင့် တင်ပို့ခြင်းဖြစ်ပြီး တောင်သူများထံ ဝယ်ယူရာ၌လည်း စံချိန်မီသရက်သီးများဖြစ်ရန်နှင့် အရွယ်အစားအလိုက် စျေးနှုန်းသတ်မှတ်ဝယ်ယူရခြင်းဖြစ်ကြောင်း မြန်မာ့သရက်စျေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောပြ၍သိရသည်။

**Source:** https://yadanarbonnews.com/index.php/ dailynews/ localnews/ item/2379–2022–07–21–03–19–56


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀၂၂ ခုနှစ် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာခရီးသွားဈေးပွဲ China International Travel Mart (CITM– 2022)

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ၂၂-၇-၂၀၂၂ မှ ၂၄-၇-၂၀၂၂ အထိ ၂၃ နှစ်မြောက် တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာခရီးသွားဈေးပွဲ China International Travel Mart (CITM) ကို တရုတ်နိုင်ငံ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ၊ လေကြောင်းပျံသန်းရေးကြီးကြပ်ရေးနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ် ကျင်းပပြုလုပ်ရန်ရှိပါသည်။ သို့ဖြစ်၍ မြန်မာကောင်စစ်ဝန်ချုပ်ရုံး (ကူမင်း) အနေဖြင့် အဆိုပါပွဲတွင် ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျှက်ရှိရာ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများ၊ မြန်မာ့ထွက်ကုန် ယွန်းထည်ပစ္စည်းများနှင့် အခြားသောစိတ်ဝင်စားဖွယ် မြန်မာထွက်ကုန်ပစ္စည်းများနှင့် မြန်မာ့လဖက်ရည်ကို နမူနာကျွေးမွေးခြင်းနှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆောင်ရွက်နိုင်ရန် ခင်းကျင်းပြသ ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၂-၇-၂၀၂၂ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး မြန်မာကောင်စစ်ဝန်ချုပ် (ကူမင်း) ဦးသော်တာအောင်နှင့် စီးပွားရေးသံမှူး ဒေါက်တာဝေရီလင်းတို့ တက်ရောက်ကြမည်ဖြစ်ပြီး နောက်ဆုံးနေ့ဖြစ်သည့် ၂၄-၇-၂၀၂၂ ရက်နေ့တွင် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု RCEP နှင့် တရုတ်-လာအို မီးရထားလမ်းဆိုင်ရာ ဖိုရမ်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ကူမင်းမြို့)**

**Source: 2022 CITM: Visit Qujing for exploring source of River Pearl – Lifestyle –** 云桥网英文 **(yunnangateway.com)**

https://myantrade.gov.mm/article/%E1%81%82%E1%81%80%E1%81%82%E1%81%82%20%E1%80

## ဗီယက်နမ်ဒူးရင်းသီး တရုတ်နိုင်ငံသို့ တရားဝင်လမ်းကြောင်းများမှတဆင့် တင်ပို့တော့မည်

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ဒူးရင်းသီးအား တရားဝင်လမ်းကြောင်းများမှတဆင့် တင်သွင်းရန် ခွင့်ပြုပေးလိုက်ပြီဖြစ်ပါသည်။ ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှုအား ခွင့်ပြုပေးပြီးနောက် ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်သွင်းခွင့်ရရှိထားပြီးဖြစ်သည့် သီးနှံထွက်ကုန် (၁၁) မျိုးရှိလာပြီဖြစ်ပါသည်။

ဗီယက်နမ်ဒူးရင်းသီးသည် တရုတ်နိုင်ငံဈေးကွက်သို့တင်ပို့ခွင့်ရရှိခဲ့သည့် (၁၁) ခုမြောက် ဗီယက်နမ်နိုင်ငံ၏ သီးနှံထွက်ကုန်တစ်ခုဖြစ်လာပြီဟု ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (Ministry of Agriculture and Rural Development) ဝန်ကြီး Le Minh Hoan က နှစ်နိုင်ငံ သဘောတူညီချက်အား လက်မှတ်ရေးထိုးပြီးနောက် ပြောကြားခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုအတွက် ပို့ကုန်ပစ္စည်းဆိုင်ရာ တရားဝင်လိုအပ်ချက် (Phytosanitary Requirement)ဖြစ်သည့် အပင်နှင့်တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပိုးမွှားကင်းစင်ရေးကိစ္စရပ်များအတွက် သဘောတူညီချက်သည် သုံးနှစ်အတွင်း စတင်အကျိုးသက်ရောက်စေရမည်ဖြစ်ပါသည်။ ၎င်းအား တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the Customs-GACC) သို့ ဗီယက်နမ်နိုင်ငံ၏ အရည်အသွေးပြည့်မီသည့် ဒူးရင်းသီးစိုက်ပျိုးရှင်သန်ကြီးထွားသည့် နေရာဒေသများနှင့် ထုတ်ပိုးမှုပစ္စည်းများအား အတူတကွဆက်လက်ပေးပို့ရမည်ဖြစ်ပြီး ၎င်း၏ Web Portal ပေါ်တွင် အသိပေးကြေညာရမည်ဖြစ်ပါသည်။

အဆိုပါသဘောတူညီချက်အား လူသိရှင်ကြားအသိပေးကြေညာပြီးနောက်တွင် တရုတ်နိုင်ငံသို့ ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှုကို တရားဝင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အစောပိုင်းကာလများတွင် ဗီယက်နမ်နိုင်ငံမှထွက်ရှိသော နဂါးမောက်သီး (Dragon Fruit)၊ ဖရဲသီး (Watermelon)၊ လိုင်ချီးသီး (Lychee)၊ လုံငန်သီး (သို့မဟုတ်) တရုတ်လိုင်ချီးသီး (Logan)၊ ငှက်ပျောသီး (Banana)၊ သရက်သီး (Mango)၊ ပိန်းနဲသီး (Jackfruit)၊ ကြက်မောက်သီး (Rambutan)၊ မင်းဂွတ်သီး (Mangosteen) နှင့် စူကာသီး (Passion Fruit) တို့ကိုလည်း တရုတ်နိုင်ငံ ဈေးကွက်သို့ တရားဝင်လမ်းကြောင်းများမှတဆင့် တင်သွင်းရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအရ ဗီယက်နမ်နိုင်ငံမှတရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် မှတ်ပုံတင်စာရင်းသွင်းထားသည့် ဒူးရင်းသီးစိုက်ပျိုးနေရာဒေသများတွင် Quality Management and Traceability Systemကိုထည့်သွင်းတည်ဆောက်ထားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ဆောင်ရမည့် Good Agricultural Practices-GAP စနစ်ကိုကျင့်သုံးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထွန်ယက်ခြင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်ခြင်း၊ စိုက်ပျိုးနေရာသည် လေထုညစ်ညမ်းမှုမရှိသည့်နေရာဒေသဖြစ်ခြင်း၊ ကြွေကျ၊ ပုပ်ပွသောအသီးများအား ချက်ချင်းဖယ်ရှားထားပြီး ဖြစ်ခြင်းစသောအခြေအနေများတွင် စနစ်တကျထားရှိထားပြီးဖြစ်ရပါမည်။

ထို့အပြင် ဒူးရင်းသီးအပင်များနှင့်စပ်လျဉ်း၍ ပိုးမွှားများအား စောင့်ကြပ်ကြည့်ရှုခြင်း၊ ဓာတု သို့မဟုတ် ဇီဝဆိုင်ရာထိန်းချုပ်မှုနှင့် အခြားစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များပါဝင်သည့် ပိုးမွှားကင်းစင်ရေးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည့် Integrated Pest Management-IPM ကိုလည်း ကျင့်သုံးရမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်ဒူးရင်းသီးတင်ပို့မှုအတွက် အကြီးမားဆုံးဈေးကွက်တစ်ခုအဖြစ် ရှိနေသေးသော်လည်း နယ်စပ်ဂိတ်များမှတဆင့် အဓိကတင်ပို့ကြရပါသည်။ တရုတ်နိုင်ငံ၏ ဒူးရင်းသီးတင်သွင်းမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံ ခန့်ရှိပြီး ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံမှ အဓိကတင်သွင်းခြင်း ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏စာရင်းများအရ ဗီယက်နမ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်အတွင်း ဒူးရင်းသီးတင်ပို့မှုသည် ၆၀၀,၀၀၀ တန်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၁၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံရပ်ခြားသို့ တင်ပို့နိုင်ရန်အတွက် ဒူးရင်းသီးစိုက်ပျိုးရှင်သန်ကြီးထွားသည့်ဧရိယာ ၅၀,၀၀၀-၆၀,၀၀၀ ခန့်ရှိပြီး အဓိကစိုက်ပျိုးသည့် နေရာဒေသများမှာ Tay Ninh၊ Binh Duong၊ Dong Nai၊ Binh Phuoc၊ Tien Giang နှင့် Dak Lak စသည့် ပြည်နယ်များဖြစ်ပါသည်။

(ပြည့်ဖြိုးအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)

**Source: Viet Nam News**

https://myantrade.gov.mm/article/%E1%80%97%E1%80%AE%E1%80%9A%E1%80%80%E1%80%BA

## ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူအများစုက လာအိုနိုင်ငံဈေးကွက်ကို ကြိုက်နှစ်သက်လျက်ရှိ

လာအိုနိုင်ငံသည် ပို့ကုန်တင်ပို့သော ပြည်ပနိုင်ငံများထံမှ အရည်အသွေးထောက်ခံချက် (Quality Certification) အများစုကို လက်ခံအသိအမှတ်ပြုခြင်းကြောင့် ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများစွာက လာအိုဈေးကွက်အား ဦးတည်ဈေးကွက်တစ်ရပ်အဖြစ် ကြိုက်နှစ်သက်လျက်ရှိသည်ဟု သိရပါသည်။

ဗီယက်နမ်-လာအို ကုန်သွယ်ရေးသဘောတူညီချက်၊ နယ်စပ်ကုန်သွယ်ရေးသဘောတူညီချက်နှင့်အာဆီယံ ကုန်စည်ကုန်သွယ်ရေးသဘောတူညီချက် (ASEAN Trade in Goods Agreement-ATIGA) တို့အောက်မှ လာအိုနိုင်ငံသို့တင်ပို့သော ဗီယက်နမ်ပို့ကုန်များသည် အပြန်အလှန်အားဖြင့် အကောက်ခွန်ကင်းလွတ်ခွင့် (Zero Tariffs) ကိုလည်း ရရှိခံစားနိုင်ပါသည်။

လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကီလိုမီတာ (၂၃၀၀) ကျော်ဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိကြောင်း၊ ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၂၁ ခုနှစ်တွင် လာအို-ဗီယက်နမ် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁.၃၇) ဘီလျံသို့ရောက်ရှိခဲ့ပြီး၊ ၂၀၂၀ ခုနှစ်ကထက် (၃၃.၃) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လာအိုနိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် (၅၉၄.၇) သန်းရှိခဲ့ပြီး နှစ်အလိုက်နှိုင်းယှဉ်လျှင် (၄) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ လာအိုမှ ဗီယက်နမ်သို့ သွင်းကုန်တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ (၇၇၈.၂) သန်း ဖြင့် (၆၉.၈) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် လာအိုနိုင်ငံထံမှ ဗီယက်နမ်နိုင်ငံသို့ သွင်းကုန်တင်သွင်းမှုသည် နှစ်အလိုက် နှိုင်းယှဉ်ချက်အရ အမေရိကန်ဒေါ်လာ (၅၁၄.၆) သန်းဖြင့် (၄၅.၃) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ အဓိကတင်သွင်းခဲ့သည့် ကုန်စည်အမယ်များတွင် ရော်ဘာ၊ သစ်နှင့်သစ်ထုတ်ကုန်များ၊ ဓါတ်မြေဩဇာ၊ ဟင်းသီးဟင်းရွက်များ၊ သတ္တုရိုင်းနှင့် တွင်းထွက်

ပစ္စည်းများ ပါဝင်ကြောင်းသိရပါသည်။ အလားတူကာလတွင် ဗီယက်နမ်မှလာအိုသို့ ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ (၃၀၉.၄) သန်းရှိရာ နှစ်အလိုက်နှိုင်းယှဉ်ချက်အရ (၆) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံမှလာအိုနိုင်ငံသို့ သံနှင့်သံမဏိပစ္စည်းများ၊ ယာဉ်နှင့်ယာဉ်အစိတ်အပိုင်းများ၊ စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်းများ၊ ဓါတ်မြေဩဇာ၊ ပလပ်စတစ်နှင့် ဟင်းသီးဟင်းရွက်များ တင်ပို့ကြောင်းသိရပါသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံသည် လာအိုနိုင်ငံရှိ စီမံကိန်း (၄၁၇) တွင် အမေရိကန်ဒေါ်လာ (၄.၃) ဘီလျံကို ရင်းနှီးမြှုပ်နှံထားပြီး၊ တတိယအများဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်နေကြောင်း၊ လာအိုနိုင်ငံအနေဖြင့် ရည်ရှည်တည်တံ့၍ သန့်ရှင်းမှုရှိသည့် လယ်ယာစိုက်ပျိုးရေး (Clean Agriculture)၊ ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းကဏ္ဍ (Processing and Manufacturing) တို့အပါအဝင် နယ်ပယ်များစွာ၌ ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးဆောင်ရွက်ထားကြောင်း၊ လာအိုနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် လျှပ်စစ်နှင့်ဓါတ်သတ္တုတူးဖော်ခြင်းကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်နိုင်မည့် အလားအလာများစွာရှိနေသည်ဟု ယုံကြည်ထားကြကြောင်း၊ ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုကို ယခုနှစ်တွင် (၁၀) ရာခိုင်နှုန်းမှ (၁၅) ရာခိုင်နှုန်းအတွင်း တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်းသိရပါသည်။

**(ကျော်စိန်ဝင်း၊မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (STP)**

**Source: https://en.vietnamplus.vn/**

https://myantrade.gov.mm/article/%E1%80%97%E1%80%AE%E1%80%9A%E1%80%80%E1%80%BA

## ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြက်သွန်နီဈေးနှုန်း အမြင့်ဈေးဖြင့် တည်ငြိမ်နေ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြက်သွန်နီဈေးနှုန်း အမြင့်ဈေးဖြင့် တည်ငြိမ်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ဝင်းက ပြောပြ၍သိရသည်။ ရန်ကုန်တိုင်းဒေသကြီး ကြက်သွန်နီဈေးကွက်တွင် လတ်တလောအရောင်းအဝယ် အေးနေသော်လည်း ဈေးနှုန်းများမှာ ကျဆင်းသွားခြင်းမရှိဘဲ အမြင့်ဈေးဖြင့် တည်ငြိမ်နေကြောင်းသိရသည်။

“ဒီရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး ကြက်သွန်ဈေးကွက်မှာ အရောင်းအဝယ်အေးနေပေမယ့်လဲ ကြက်သွန်နီဈေးနှုန်းကတော့ အမြင့်ဈေးမှာပဲ တည်ငြိမ်နေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လတုန်းကပြည်ပကို ကြက်သွန်နီတင်ပို့ဖို့အတွက် ဈေးကွက်ထဲမှာ အဝယ်လိုက်နေလို့ ဈေးကတက်သွားပါတယ်။ အခုလကျတော့ အဝယ်ကတော်တော်လေးအေးသွားပေမဲ့ ဈေးကတော့မကျပါဘူး ” ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်ဝင်းကပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ယခုဇူလိုင်လ ဒုတိယပတ်အတွင်း ဆိပ်ဖြူ ကြက်သွန်နီ တစ်ပိဿာ လျှင် ငွေကျပ် ၁၀၅၀ မှ ၁၆၅၀ ကြားတွင် ဈေးနှုန်းတည်ငြိမ်နေပြီး မုံရွာကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀ မှ ၁၇၀၀ ကြားတွင် ဈေးနှုန်းတည်ငြိမ်နေကြောင်းသိရသည်။

ပြည်ပပို့ ကြက်သွန်ကုန်သည်များအနေဖြင့် ကြက်သွန်နီဈေးကျဆင်းနိုင်သည့်အတွက် ကျဈေးကိုစောင့်ကာ အဝယ်ရပ်ထားသော်လည်း ကြက်သွန်နီအဝင်လျော့ကျနေသည့်အတွက် ကြက်သွန်နီဈေးမှာ ကျဆင်းခြင်းမရှိဘဲ တည်ငြိမ်နေကြောင်းသိရသည်။

ပြည်ပပို့ ကြက်သွန်ကုန်သည်များအနေဖြင့် လက်ရှိကြက်သွန်နီဈေးမှာ တည်ငြိမ်မှုရှိသော်လည်း ပြည်ပတင်ပို့ရန် တွက်ခြေကိုက်ခြင်းမရှိသေးသည့်အတွက် အဝယ်ရပ်ထားကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။

**Source:** ရတနာပုံသတင်းစာ

## မွန်ပြည်နယ် ကွမ်းသီးဈေးကွက်အတွင်း ကွမ်းသီးလက်ကျန်နည်းလာသောကြောင့် ကွမ်းသီးခြောက်များ ဈေးကောင်းရနေ

မွန်ပြည်နယ် ကွမ်းသီးဈေးကွက်အတွင်း ရာသီကုန်ချိန်ဖြစ်သည့်အတွက် ကွမ်းသီးလက်ကျန်နည်းလာသောကြောင့် ကွမ်းသီးခြောက်များ ဈေးကောင်းရနေကြောင်း ကွမ်းသီးကုန်စည်ဒိုင်(မော်လမြိုင်)မှ ဗဟိုအလုပ်အမှုဆောင် ဦးရွှေအေးက ပြောပြ၍သိရသည်။

မွန်ပြည်နယ် ကွမ်းသီးဈေးကွက်အတွက် ကွမ်းသီးခြောက်များ ဈေးကောင်းရနေခြင်းမှာ ရေးဒေသမှတစ်ဆင့် ကွမ်းသီးနုများကို ပြည်ပနိုင်ငံများသို့တင်ပို့ရန် ကွမ်းသီးကုန်သည်များက ဝယ်ယူမှုရှိနေသည့်အတွက် မွန်ပြည်နယ် ကွမ်းသီးဈေးကွက်အတွင်း ကွမ်းသီးခြောက် ဈေးရလာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ကွမ်းသီးခြောက်ဈေးက နည်းနည်းပြန်တက်လာနေတာ။ ရာသီကုန်ပြီဆိုတော့ လှောင်ထားတဲ့ ကွမ်းသီးခြောက်တွေကလဲ နည်းလာတော့ ဈေးကကောင်းလာပြီ။ အရင်လတွေထဲကစပြီး ကွမ်းသီးနု အဝယ်လိုက်နေတာပါ။ ရင့်ချိန်မရတော့ဘူး။ ကွမ်းသီးနုတွေ ဈေးတက်တော့ ရေးကွမ်းသီးခြောက်တွေလဲ ဈေးတော်တော်ရလာတယ်"ဟု ကွမ်းသီးအလုပ်အမှုဆောင် ဦးရွှေအေးကပြောပြသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက ကွမ်းသီးမော်လမြိုင်အညိုသီး တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀၊ မော်လမြိုင် ပါးပုတ်သီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ နှင့် ရေးကွမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၅၃၀၀ ပေါက်ဈေးရှိခဲ့ရာမှ ယခု ဇူလိုင် ၁၈ ရက်တွင် ကွမ်းသီးမော်လမြိုင်အညိုသီးတစ်ပိဿာလျှင် ငွေကျပ် ၅၁၀၀၊ မော်လမြိုင်ပါးပုတ်သီး တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ နှင့် ရေးကွမ်းသီး တစ်ပိဿာလျှင် ငွေကျပ် ၆၂၀၀ ထိ ဈေးမြင့်တက်လာခဲ့ကြောင်း၊ မွန်ပြည်နယ်မှထွက်ရှိသော ကွမ်းသီးခြောက်များကို ရန်ကုန်၊ ပဲခူးနှင့် အခြားပြည်နယ်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရေခြံထွက်ခရမ်းချဉ်သီးများ ဝယ်လိုအားများနေ



Source: ရတနာပုံသတင်းစာ

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသရေခြံများမှ ထွက်ရှိသည့် ခရမ်းချဉ်သီးများ ဝယ်လိုအားများနေကြောင်း ညောင်ရွှေမြို့ရှိ အောင်ခရမ်းချဉ်သီးအဝယ်ဒိုင်ပိုင်ရှင် ကိုအောင်အောင်ဝင်းက ပြောပြ၍သိရသည်။

ညောင်ရွှေမြို့နယ်အပါအဝင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခရမ်းချဉ်စိုက်ဒေသများမှ ကုန်းခြံထွက် ခရမ်းချဉ်သီးများ စတင်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် အင်းလေးဒေသ ရေခြံထွက်ခရမ်းချဉ်သီးများ ဈေးနှုန်းကျဆင်းလာသော်လည်း ဝယ်လိုအားများနေကြောင်းသိရသည်။

"ကုန်းခြံကထွက်တဲ့ ခရမ်းချဉ်သီးတွေ စပေါ်နေပြီဆိုတော့ ရေခြံသီးတွေက ဈေးကျလာတာပါ။ အရင်လတွေကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသမှာ အင်းလေးရေခြံကထွက်တဲ့ ခရမ်းချဉ်သီးပဲရှိတာဆိုတော့ ဈေးကောင်းရခဲ့တာပေါ့။ အခုတော့ မြို့နယ်တိုင်းလိုလိုမှာ ခရမ်းချဉ်သီးပေါ်ချိန်ဆိုတော့ ဈေးကနည်းနည်းကျလာတာဖြစ်ပါတယ်။ ဈေးကျပေမဲ့ ဝယ်လိုအားများနေပါတယ်" ဟု ကိုအောင်အောင်ဝင်းကပြောပြသည်။ အဆိုပါ ရေခြံထွက်ခရမ်းချဉ်သီးများသည် ဇူလိုင်လ ဒုတိယပတ်က တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့် ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်ထိ ငွေကျပ် ၈၀၀ ခန့်၊ ဇူလိုင် ၁၉ ရက်မှ ယနေ့(ဇူလိုင်-၂၀) ထိ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ခန့် ပေါက်ဈေးရှိနေကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတွင် ညောင်ရွှေ၊ ပင်းတယ၊ ရွာငံ၊ အောင်ပန်း၊ ရပ်စောက်စသည့်ဒေသများတွင် ခရမ်းချဉ်သီးများကို အများအပြားစိုက်ပျိုးကြပြီး ကျန်ဒေသများ၌ အနည်းငယ်သာစိုက်ပျိုးကြကြောင်း၊ ထွက်ရှိသည့် ခရမ်းချဉ်သီးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအနှံ့အပြားသို့လည်းကောင်း၊ အောင်ပန်းမြို့ရှိ သီးနှံပွဲရုံများမှတစ်ဆင့် မြန်မာနိုင်ငံအနှံ့အပြားသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

# STOCK EXCHANGE (21.7.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Jul. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | -100 | -1.35% | 7,300 | 7,300 | 7,300 | 419 | 3,058,700 | 33,109,694 | 241,701 |
| MTSH | 00002 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1,479 | 3,845,400 | 38,929,150 | 101,216 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,928 |
| FPB | 00004 | 18,000 | +0 | +0.00% | 18,000 | 18,000 | 18,000 | 0 | 0 | 2,472,053 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | -50 | -1.96% | 2,500 | 2,500 | 2,500 | 90 | 225,000 | 19,977,223 | 49,943 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 4,900 | 4,800 | 105 | 510,000 | 10,497,598 | 50,388 |


## Market summary

As of 21st Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 342.45 | -3.08 | -0.89% | 343.05 | 343.05 | 342.45 | 2,093 | 7,639,100 | 7 | 595,731 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 21st Jul. 2022

| MYANPIX | 342.45 ▼ 3.08 |
|---|---|
| Total Volume (shares) | 2,093 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 595,731 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▼ 100 |
| MTSH | 00002 | 2,600 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,500 | ▼ 50 |
| AMATA | 00007 | 4,800 | ▼ 100 |